# သမ္မတအသစ်က ဘယ်လိုလူမျိုးဖြစ်သင့်သလဲ?

"နောက်တက်လာမယ့်သမ္မတတွေက ရုပ်သေးရုပ်သမ္မတဆိုတာကတော့ ကျနော်လက်မခံပါဘူး။ နောက်တက်လာတဲ့သမ္မတတွေကဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ပွားပဲဖြစ်ရမယ်။ဒေါ်အောင်ဆန်းစုကြည်အတွက် တာဝန်ခွဲဝေယူ အလုပ်လုပ်နိုင်တဲ့ သမ္မတပဲဖြစ်ရမယ်လို့ ယုံကြည်တယ် "

**မုံရွာအောင်ရှင် အတွင်းရေးမှူး။ ( NLD ဗဟိုသတင်းနှင့်ပြန်ကြားရေး)**

---

"ဦးဝင်းမြင့်ကဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုဖြည့်ပြီးကစားနိုင်မလဲ။ ကျနော်ကတော့ တစ်ဦးချင်းကစားနေတာထက် အသင်းလိုက်ကိုပိုကြည့်ချင်တယ်။ ဘောလုံးနဲ့ပြောရင် ဒေါ်အောင်ဆန်းစုကြည်က ရှေ့တန်းက ဂိုးသွင်းတဲ့သူဆိုရင် ဦးဝင်းမြင့်က နံပါတ် ၁၀ နေရာက ကစားတဲ့ လူကာကူ ဂိုးသွင်းဖို့အတွက် ဆန်းချက်နေရာက ကစားတဲ့ သူမျိုးပေါ့။ မန်ယူဘောလုံးအသင်းအနေနဲ့ ပြောမယ်ဆိုရင်"

**ဒေါက်တာတင်မောင်သန်း (နိုင်ငံရေးသုတေသီ)**

---

"NLD အစိုးရ ၂ နှစ်အတွင်းမှာ အခွင့်အရေးပိုင်းကကြည့်ရင် နောက်ပြန်ဆုတ်သွားတယ်လို့မြင်တယ်။ အစိုးရတစ်ရပ်အနေနဲ့ကြည့်ရင် သဘာဝကျတယ်လို့တော့သုံးသပ်မိတယ်။ အစိုးရပိုဆန်လာခဲ့တယ်။ ဒီမိုကရေစီအရေး တန့်သွားတယ်။ နောက်ဆုတ်လာတယ်လို့မြင်မိတယ်"

**ဦးထင်ကျော်အေး (အစိုးရနှင့်လွှတ်တော်ဆိုင်ရာ စောင့်ကြည့်လေ့လာသူ)**

---

"ရင်ကြားစေ့ရေး တဖက်သက်ပေါ်လစီဟာ ဒီမိုကရေစီ ညီညွတ်ရေးကို ပြိုကွဲစေတယ်။ NLD ကိုအားနည်းစေတယ်။"

## ဦးထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)

---

"တပ်နဲ့ ဆက်ဆံရေးနောက်ဆုတ်သွားမလားထက်စာရင် တပ်နဲ့ ဆက်ဆံရေးကိုဘယ်လိုကျော်ဖြတ်မလဲ။ တပ်နဲ့ ဆက်ဆံရေးကိုပဲဦးစားပေးနေတဲ့အတွက် ဒီမိုကရေစီအကူးအပြောင်းမှာ ပြည်သူလူထု တွေရဲ့ အကျိုးစီးပွားအတွက် ဘာမှမလုပ်ပေးနိုင်ဘူး ။ဒီတော့ကျနော့်အနေနဲ့ တပ်နဲ့ ဆက်ဆံရေးကို ဦးစားမပေး တဲ့သမ္မတမျိုးကိုသာ လိုချင်ပါတယ်"

ပရိသတ်၊ ဦးမျိုးအောင် (နိုင်ငံရေးအကျဉ်းသားဟောင်း)

---

"ဒေါ်အောင်ဆန်းစုကြည်က စစ်တပ် ပြောသမျှကို လိုက်လုပ်နေရတယ်။ လွတ်လွတ်လပ်လပ် မလုပ်ဆောင်ရသေးဘူး။ သမ္မတအသစ်ပြောင်းလာလဲ ဘာမှဆက်လုပ်လို့မရဘူးဆိုပြီး သုံးသပ်နေကြတယ်။ အဲဒီသုံးသပ်ချက်တွေကို ဘယ်လိုထင်ပါသလဲ?"

ပရိသတ် ၊ နန့်နင်းပွင့်ဖြူ (ကံကော်ပညာရေးစင်တာ)

---

"ဦးဇင်းကတော့ ဘယ်သူသမ္မတဖြစ်ဖြစ် ပြည်သူနဲ့ ပူးပေါင်းဆောင်ရွက်မယ့် သမ္မတ၊ ၂၀၀၈ ဖွဲ့စည်းပုံပြောင်းလဲရေးမှာ ပြည်သူနဲ့ အတူလက်တွဲပြီး လုပ်ဆောင်နိုင်မယ့်သမ္မတ၊ နိုင်ငံရေးအင်အားစု တွေနဲ့ တွဲပြီးလုပ်ကိုင်နိုင်တဲ့သမ္မတမျိုးကိုပဲ လိုချင်ပါတယ်။"

ပရိသတ်၊ ဦးဓမ္မသာရ (ရွှေဂါ်ရောင်သံဃာတော်)